အိမ်ခြံမြေအကျိုးဆောင်များနှင့်အဖိုးတန်သတ္တုရောင်းဝယ်သူများကြီးကြပ်ရေးအာဏာပိုင်၏
သတင်းထုတ်ပြန်ချက်

ရက်စွဲ။ ၂၀၂၄ခုနှစ်၊ ဇွန်လ ၆ ရက်

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ဦးဆောင်မှုဖြင့် ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီသည် ပူးပေါင်းအထူးစစ်ဆေးရေးအဖွဲ့များကို ဖွဲ့စည်းပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွှေဆိုင်များကို ကွင်းဆင်းစစ်ဆေးခြင်းဆောင်ရွက်ခဲ့ရာ **"ထွန်းထွန်းရွှေဆိုင်"** သည် အဖိုးတန်သတ္တု(ရွှေ)ရောင်းဝယ်ရေး အသိအမှတ်ပြုမှတ်ပုံတင်လက်မှတ်မရှိခြင်း အပါအဝင် ရွှေရောင်းဝယ်သူများလိုက်နာရမည့် **"အဖိုးတန်သတ္တု(ရွှေ)ရောင်းဝယ်သူများဆိုင်ရာ ညွှန်ကြားချက်"** ကို လိုက်နာရန်ပျက်ကွက်ကြောင်း တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ပါ၍ **ထွန်းထွန်းရွှေဆိုင်** ကို ၆-၆-၂၀၂၄ ရက်နေ့မှစ၍ အဖိုးတန်သတ္တု(ရွှေ)ရောင်းဝယ်ရေး အသိအမှတ်ပြုမှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းမပြုရန် သတိပေးမှတ်တမ်းတင် လက်မှတ်ရေးထိုးစေခြင်းအပါအဝင် လိုအပ်သည့်အရေးယူမှုများကို သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ထားပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

အိမ်ခြံမြေအကျိုးဆောင်များနှင့်အဖိုးတန်သတ္တုရောင်းဝယ်သူများ
ကြီးကြပ်ရေးအာဏာပိုင်